# နိုင်ငံရေးပါတီများ၏မီဒီယာရရှိအသုံးပြုနိုင်မှု – သတင်းအချက်အလက်အကျဉ်း

## Political Parties' Access to Media: an Information Brief

© International IDEA

ဒီဇင်ဘာလ ၂၀၁၄ ခုနှစ်

## ရွေးကောက်ပွဲမဲဆွယ်မှုများအတွင်း နိုင်ငံရေးပါတီများ၏ မီဒီယာရရှိအသုံးပြုနိုင်မှု

### နိဒါန်း

ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့ပါတီ၏ အရွယ်အစား၊ မီဒီယာသုံးစွဲရန် ငွေကြေးတတ်နိုင်စွမ်းနှင့် ပါတီတည်နေရာတို့ကို အမှုထားစရာမလိုဘဲ ၎င်းတို့၏ မူဝါဒအာဘော်များကို မဲဆန္ဒရှင်များထံ ထုတ်လွှင့်ပေးနိုင်စေရန် ရွေးကောက်ပွဲမဲဆွယ်ကာလများ အတွင်း နိုင်ငံရေးပါတီများအတွက် သာတူညီမျှဖြစ်သည့်မီဒီယာရရှိအသုံးပြုနိုင်မှုကို အကောင် အထည်ဖော်မည့် သတ်မှတ်ပြဋ္ဌာန်းချက်များရှိရန် အရေးကြီးသည်။ မဲဆွယ်ပွဲနှင့်ပတ်သတ်၍ သတင်းအကြောင်းအရာလုံးကို ကြားသိရသည့် ညီတူညီမျှဖြစ်သောဖိုရမ် (လူအများ စုဝေး ပြောဆိုရာနေရာ) တစ်ရပ်ဖြစ်ပေါ်စေရန် ဤစည်းမျဉ်းစည်းကမ်းပုံစံကို စီစဉ်ရေးဆွဲခြင်းဖြစ်သည်။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလများအတွင်း နိုင်ငံရေးသမားများအနေဖြင့် မီဒီယာရရှိ အသုံးပြုနိုင်မှုသာတူညီမျှဖြစ်စေရန်ဆောင်ရွက်ပေးသောနိုင်ငံများတွင်မဲဆွယ်စည်းရုံးရေးကာလ အား ထိန်းချုပ်ကွပ်ကဲသည့် ထုတ်ပြန်ထားသော ပြဋ္ဌာန်းချက်များနှင့် မီဒီယာရရှိအသုံးပြုနိုင်မှု ခွဲဝေသတ်မှတ်မှုဆိုင်ရာ 'စံ' များ ရှိမည်ဖြစ်သည်။

မီဒီယာခွဲတမ်းချမှုအတွက် စံပုံစံအများအပြားရှိသည်။ အချို့စံပုံစံများသည် မဲဆွယ်ကာလ များအတွင်း နိုင်ငံရေးပါတီများအတွက် အခမဲ့(မီဒီယာ)ရရှိအသုံးပြုနိုင်မှု စီစဉ်ပေးအပ်သည်။ အချို့စံပုံစံများသည် (မီဒီယာ) ရရှိအသုံးပြုနိုင်ရန် ထောက်ပံ့ကြေးပေးသည်။ အချို့စံပုံစံများသည် ပါတီတစ်ခုစီအလိုက် ပါလီမန်တွင်ရရှိသော မဲဆန္ဒနယ်နေရာအရေအတွက်အရ သို့မဟုတ် ပါတီ တစ်ခုစီအလိုက် ကိုယ်စားလှယ်လောင်းအရေအတွက်အရ မီဒီယာခွဲတမ်း သတ်မှတ်ပေးမည် ဖြစ်သည်။ နိုင်ငံများသည် ရွေးကောက်ပွဲကာလများအတွင်း ကိုယ်စားလှယ်လောင်းများအကြား အများပြည်သူရှေ့ အချေအတင်ဆွေးနွေးပြောဆိုမှု(civil discourse) အထူးသဖြင့် ပါတီမူဝါဒ များ သို့မဟုတ် ကိုယ်စားလှယ်လောင်းတို့၏ ကိုယ်ရည်ကိုယ်သွေးတို့အားနှိုင်းယှဉ်၍ နိုင်ငံရေး ကြော်ငြာလုပ်မှုများတွင် အခြားသက်ဆိုင်သူများကို လေးစားမှုရှိစေရန် ကျင့်ဝတ်စည်းမျဉ်း (code of conduct) တစ်ရပ်လည်း ချမှတ်ဆောင်ရွက်ရပါလိမ့်မည်။ မီဒီယာများ၏သတင်း တင်ပြမှုက သမာသမတ်ကျမှုနှင့် ဟိုဘက်ဒီဘက်ညီမျှမှုရှိစေရန်အတွက် ကျင့်ဝတ်စည်းမျဉ်းများ

ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း- International IDEA သည်အစိုးရများအကြား ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ အပြားတွင် ရေရှည်တည်မြဲသော ဒီမိုကရေစီ ထွန်းကားလာရေးအတွက် ပံပိုးပေးနေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ (www.idea.int)။ ရည်ရွယ်ချက်မှာ ဒီမိုကရက်တစ် အင်စတီကျူးရှင်းများနှင့် ဖြစ်စဉ်များ အားကောင်းလာအောင်ဆောင်ရွက်ပေးရန်ဖြစ်သည်။ International IDEA သည် ဒီမိုကရေစီ တည်ဆောက်ရေးအတွက် အသိပညာနှင့် အရင်းအမြစ်များပံ့ပိုးပေးသည့် လုပ်ငန်းများ၊ မူဝါဒ အဆိုပြုလွှာများ၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအတွက် အကူအညီ တောင်းခံလာသော နိုင်ငံများကိုပံပိုးမှု လုပ်ငန်းများကို လုပ်ဆောင်နေပါသည်။ မူဝါဒချမှတ်သူများ၊ အစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အေဂျင်စီများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်တွဲဖက်၍ ဒီမိုကရေစီ တည်ဆောက်မှုလုပ်ငန်းများကို လုပ်ဆောင်နေပါသည်။

International IDEA သည် မြန်မာနိုင်ငံတွင် အသိပညာ အရင်းအမြစ်များ မြှင့်တင်ရန်၊ အင်စတီကျူးရှင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ပံပိုးပေးခြင်းနှင့် အားလုံးပါဝင်ရန်နှင့် သတင်းရရှိမှု ရှိသော တွေ့ဆုံမှုစကားဝိုင်းများဖြစ်ရန် ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှု ပုံစံမျိုးမျိုးတို့ အကြောင်းကို ပံ့ပိုးပေးလျှက်ရှိသည်။

**INTERNATIONAL IDEA (Myanmar)**
Room 5C, Yatha Condominium
458-460 Mahabandoola Road
(entrance on 31st Street)
Pabedan Township, Yangon, Myanmar
Email: info-myanmar@idea.int

သည် မီဒီယာများအပေါ်လည်း သက်ရောက်မှု ရှိစေနိုင်သည်။

## နိုင်ငံတကာ အခြေခံစည်းမျဉ်းများ

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများအတွင်း နိုင်ငံရေးပါတီများ၏ မီဒီယာရရှိအသုံးပြုနိုင်မှုဆိုင်ရာ နိုင်ငံတကာ အခြေခံစည်းမျဉ်းများသည် မီဒီယာကို နိုင်ငံတော်မှဝင်စွက်မှုအား အားပေးအားမြှောက်မဖြစ်စေဘဲ ယင်းအစား အထူးသဖြင့် နိုင်ငံတော် ရုပ်သံလွှင့်ဌာနများနှင့် ပတ်သက်၍ မျှတသည့် ရရှိအသုံးပြုနိုင်မှုကို လေးနက်ထင်ရှားစေသည်။

ဤအခြေခံ စည်းမျဉ်းများကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း (Universal Declaration of Human Rights) ၏ အပိုဒ် ၁၉ နှင့် ၂၁ အပေါ် အခြေခံသည် -

> ၁၉။ လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟပြောဆိုနိုင်ခွင့် ရှိသည်။ အဆိုပါ အခွင့်အရေးများ၌ အနှောက်အယှက် မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့် ပါဝင်သည့်အပြင်၊ နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန် မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တစ်နည်းနည်းဖြင့်၊ လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချိခွင့် တို့လည်းပါဝင်သည်။
>
> ၂၁။ (၁) လူတိုင်းတွင် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာ ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှ တစ်ဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။
>
> (၂) လူတိုင်းတွင် မိမိနိုင်ငံရှိ ပြည်သူ့ဝန်ထမ်းအဖွဲ့၌ ဝင်ရောက်နိုင်ရန် တူညီသည့် အခွင့်အရေးရှိသည်။
>
> (၃) ပြည်သူပြည်သားတို့၏ ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်ရမည်။ အဆိုပါဆန္ဒကို အချိန်ကာလပိုင်းခြားလျက် စစ်မှန်သော ရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်း အညီအမျှ ဆန္ဒမဲပေးနိုင်ခွင့် ရှိရမည့်အပြင်၊ ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ၊ ကျင်းပရမည်။

ဥရောပကောင်စီ (The Council of Europe) သည် သူ၏ ရွေးကောက်ပွဲ မဲဆွယ်မှုများတွင် မီဒီယာတင်ဆက်မှုဆိုင်ရာ စီမံဆောင်ရွက်မှုများနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများထံ ဝန်ကြီးများကော်မတီက ထောက်ခံအကြံပြုချက် (ဇယားကွက် ၁) တွင် ဤအခြေခံစည်းမျဉ်းများကို အသုံးပြုသည်။ အကြံပြုချက်များသည် အဖွဲ့ဝင်နိုင်ငံအားလုံးတွင် ရွေးကောက်ပွဲအကြိုကာလများ အားလုံးအတွင်း အကောင်အထည်ဖော်ရန်ဖြစ်သည်။ ၄င်းသည် အစိုးရအာဏာပိုင်များအနေဖြင့် မီဒီယာကို ဝင်ရောက်စွက်ဖက်မှု မပြုရေး၊ သတင်းမီဒီယာသမားများနှင့် မီဒီယာအမှုထမ်းများကို အကာအကွယ်ပေးရေးနှင့် မီဒီယာပွင့်လင်းမြင်သာမှုနှင့် သတင်းမီဒီယာသမားတို့၏ ကျင့်ဝတ်ပိုင်းစံသတ်မှတ်ချက်များနှင့် သက်ဆိုင်သော အခြေခံစည်းမျဉ်းများကို စွဲကိုင်သည်။ ဒီမိုကရေစီနည်းကျ ပတ်သတ်မှုအား သိသာစေသော နည်းလမ်းတစ်ခုမှာ ဗဟုသဘောရပ်တည်ထင်မြင်ချက်များကို (အမျိုးမျိုးဖြစ်သော အမြင်နှင့်ရှုထောင့်များ) ထုတ်လွှင့်ခြင်းပင်ဖြစ်သည်။ ထောက်ခံအကြံပြုချက်သည် ဤစံသတ်မှတ်ချက်နှင့်အညီ ရွေးကောက်ပွဲမဲဆွယ်မှုတစ်ရပ်အတွင်း မျှတ၍ သမာသမတ်ကျသည့် သတင်းတင်ပြမှု အခြေခံစည်းမျဉ်းများကိုလည်း စွဲကိုင်သည်။

### ဇယားကွက် (၁) ရွေးကောက်ပွဲမဲဆွယ်မှုများတွင် မီဒီယာတင်ဆက်မှုဆိုင်ရာ စီမံဆောင်ရွက်မှုများနှင့်ပတ်သက်၍ ထောက်ခံအကြံပြုချက်

**"၁။ ယေဘုယျအခြေခံမူဘောင်**

ရွေးကောက်ပွဲ မဲဆွယ်မှုများအတွင်း စည်းကမ်းထိန်းသိမ်းမှု မူဘောင်များသည် ရုပ်သံမီဒီယာမှတဆင့် ဗဟုသဘော (မတူညီသောအမြင်များ) ထင်မြင်ချက်များ ထုတ်ဖေါ်နိုင်စေရန် အားပေးပြီးအထောက်အပံ့ဖြစ်စေသင့်သည်။

စည်းကမ်းထိန်းသိမ်းမှု မူဘောင်များသည် ရုပ်သံထုတ်လွှင့်မှု ဌာနများ၏ တည်းဖြတ်ပြင်ဆင်မှုဆိုင်ရာ လွတ်လပ်မှုကိုလေးစားလျက် သူတို့၏ အားလုံးသော အစီအစဉ် ဝန်ဆောင်မှုများတွင် ရွေးကောက်ပွဲမဲဆွယ်မှုများကို မျှတသည့်၊ သမာသမတ်ကျသည့်၊ ညီမျှပြီးဘက်မလိုက်သည့် နည်းဟန်တစ်ရပ်ဖြင့် သတင်းတင်ပြရန် တာဝန်ဝတ္တရားကိုလည်း ချမှတ်ပြဌာန်းသင့်သည်။ ယင်း တာဝန်ဝတ္တရားသည် ၎င်းတို့၏ သက်ဆိုင်ရာထုတ်လွှင့်မှု နယ်ပယ်ကဏ္ဍများတွင် အများပြည်သူဝန်ဆောင်မှုမီဒီယာကိုရော ပုဂ္ဂလိကရုပ်သံဌာနများကိုပါ အကျုံးသက်ရောက်မှုရှိသင့်သည်။

အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦး၏ မိမိကိုယ်ကိုယ် လူကြိုက်များထင်ပေါ်အောင် လုပ်ခြင်းအတွက် အထူးသီးသန့် ရုပ်တည်ဆောင်ရွက်ပေးသည့်၊ ထိုနည်းတူယင်းသို့ဖြစ်ကြောင်းရှင်းရှင်းလင်းလင်း ဖေါ်ထုတ်သတ်မှတ်ရသည့် ရုပ်သံထုတ်လွှင့်မှု မီဒီယာဝန်ဆောင်မှုများနှင့်ပတ်သက်၍ အဆိုပါစီမံဆောင်ရွက်မှုများမှ သွေဖီရှောင်လွှဲနိုင်သည်။"

**"၂။ သတင်းနှင့် မျက်မှောက်ရေးရာ အစီအစဉ်များ**

မိမိကိုယ်ကို စည်းကမ်းထိန်းသိမ်းပြီးလုပ်ဆောင်မှုမရှိကြသည့်အခါ အဖွဲ့ဝင်နိုင်ငံများသည် အများပြည်သူဝန်ဆောင်မှုမီဒီယာနှင့် ပုဂ္ဂလိကရုပ်သံထုတ်လွှင့်မှုဌာနများက ရွေး ကောက်ပွဲကာလအတွင်း တွေ့ဆုံမေးမြန်းမှုများ သို့မဟုတ် အချေအတင်ဆွေးနွေးပြောဆိုမှုများကဲ့သို့ ဆွေးနွေးမှုအစီအစဉ်များ အပါအဝင် ၎င်းတို့၏သတင်းနှင့်မျက်မှောက်ရေးရာ အစီအစဉ်များတွင် မျှတမှု၊ ဟိုဘက်ဒီဘက် ညီမျှမှုနှင့် သမာသတ်ကျမှုရှိစေမည့် စီမံဆောင်ရွက်မှုများကို အထူးသဖြင့်ဖော်ဆောင်ကျင့်သုံးသင့်သည်။

ရုပ်သံဌာနများသည် ယင်းသို့သော အစီအစဉ်များအတွင်း အစိုးရအာဏာပိုင်များကို အထူးအခွင့်အရေးပေးဆက်ဆံမှု မလုပ်သင့်ပေ။ ဤအရေးကိစ္စကို သင့်လျော်သလို မိမိကိုယ်ကို စည်းကမ်းထိန်းသိမ်းပြီး အဓိကဆောင်ရွက်သင့်သည်။ ဤအဆက်အစပ်တွင် အဖွဲ့ဝင်နိုင်ငံများသည် (လက်တွေ့ကျင့်သုံး ဆောင်ရွက်နိုင်လျှင်) ရွေးကောက်ပွဲများ သတင်းတင်ဆက်မှုအား စောင့်ကြည့်စစ်ဆေးသည့်သက်ဆိုင်ရာအာဏာပိုင်များကို ဖြစ်နိုင်ဖွယ်ရှိသည့် ချို့ယွင်းအားနည်းချက်များ ကုစားနိုင်ရေးအတွက် ကြားဝင်ရန်အခွင့်အာဏာ ပေးသင့်မပေးသင့် ဆန်းစစ်နိုင်မည်ဖြစ်သည်။"

**"၄။ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ အတွက် အများပြည်သူ ဝန်ဆောင်မှု မီဒီယာတွင် အခမဲ့ထုတ်လွှင့်ချိန်နှင့်သာတူညီမျှဖြစ်သည့် တင်ပြမှု။**

အဖွဲ့ဝင်နိုင်ငံများသည် ရွေးကောက်ပွဲကာလအတွင်း နိုင်ငံရေးပါတီများ (သို့) ကိုယ်စားလှယ် လောင်းများအတွက် အများပြည်သူဝန်ဆောင်မှု မီဒီယာရုပ်သံထုတ်လွှင့်မှုနှင့် အခြားအစီအစဉ်တကျဖြစ်သည့် ရုပ်မြင်သံကြားမီဒီယာ ဝန်ဆောင်မှုများတွင် အခမဲ့ထုတ်လွှင့်ချိန် ပေးနိုင်မည် ဖြစ်သော (သို့) ၎င်းတို့၏ အစီအစဉ်တကျမဟုတ်သော ရုပ်မြင်သံကြားမီဒီယာဝန်ဆောင်မှုများတွင် ညီတူညီမျှတင်ပြပေးမှု လုပ်နိုင်မည်ဖြစ်သော သတ်မှတ်ပြဌာန်းချက်များကို ၎င်းတို့၏ စည်းကမ်းထိန်းသိမ်းမှု အခြေခံမူဘောင်များတွင် ထည့်သွင်းခြင်း၏ အကျိုးဖြစ်စေနိုင်မှုအား ဆန်းစစ်နိုင်သည်။

ယင်းသို့သော ထုတ်လွှင့်ချိန်နှင့် (သို့) သာတူညီမျှတင်ဆက်ပေးမှုကို ခွင့်ပြုတိုင်း ၎င်းကို ပွင့်လင်းမြင်သာမှုနှင့် ဓမ္မဓိဌာန်ကျသည့် အခြေခံပေါ်တွင် မျှတသည့်၊ ခွဲခြားဆက်ဆံမှုမရှိသည့် နည်းဟန်တစ်ရပ်ဖြင့် အကောင်အထည်ဖော် လုပ်ဆောင်သင့်သည်။"

**"၅။ အခပေး နိုင်ငံရေးကြော်ငြာလုပ်မှု**

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများကို ရွေးကောက်ပွဲ ရည်ရွယ်ချက်များအတွက် ကြော်ငြာအသုံးပြုမှုပမာဏ ဝယ်ယူခွင့်ပြုသည့် အဖွဲ့ဝင်နိုင်ငံများတွင် စည်းကမ်းထိန်းသိမ်းမှု မူဘောင်များသည် ပါဝင်ယှဉ်ပြိုင်သော ပါတီအားလုံးအနေဖြင့် ညီမျှသည့် အခြေအနေများနှင့် အခကြေးငွေနှုန်းထားများပေါ်တွင်၊ နှင့်အညီ ကြော်ငြာအသုံးပြုမှုပမာဏ ဝယ်ယူရန် အခွင့်အလမ်းရှိစေသင့်သည်။

အဖွဲ့ဝင်နိုင်ငံများသည် ပါတီတစ်ခု (သို့) ကိုယ်စားလှယ်လောင်းတစ်ဦး ဝယ်ယူနိုင်သည့် နိုင်ငံရေးကြော်ငြာအသုံးပြုမှုပမာဏနှင့် အချိန်၏အတိုင်းအတာကို ကန့်သတ်သော သတ်မှတ်ပြဌာန်းချက်တစ်ရပ်အား ၎င်းတို့၏ စည်းကမ်းထိန်းသိမ်းမှု မူဘောင်များတွင် ထည့်သွင်းရေး စဉ်းစားသုံးသပ်နိုင်သည်။

သတင်းနှင့် မျက်မှောက်ရေးရာအစီအစဉ်များ၏ ပုံမှန်တင်ဆက်သူများသည် အခပေးနိုင်ငံရေး ကြော်ငြာလုပ်မှုတွင် မပါဝင်သင့်ပေ။"

ရင်းမြစ်: ဥရောပကောင်စီ၊ Recommendation No. R (99) 15 of the Committee of Ministers to member states on measures concerning media coverage of election campaigns, စက်တင်ဘာလ ၉ ရက်၊ ၁၉၉၉ ခုနှစ်။

ရွေးကောက်ပွဲမဲဆွယ်မှုများအတွင်း အမျိုးမျိုးအထွေထွေဖြစ်သည့် သဘောထားများ၊ ထင်မြင်ချက်များနှင့် မူဝါဒများအား တစ်စုံတစ်ရာဝင်စွက်မှုမရှိဘဲ ကြားသိရသည့် ဝန်းကျင်တစ်ရပ်အားပေးအားမြှောက်ပြုရန်နှင့် အကောင်အထည်ပေါ် ဖြစ်မြောက်စေရန် အစိုးရများနှင့် နိုင်ငံတော်ပိုင်းမှ ပါဝင်ဆောင်ရွက်သူများတွင် တာဝန်ရှိကြောင်း နိုင်ငံတကာအသိုင်းအဝိုင်း၌ ယေဘုယျနားလည် အသိအမှတ်ပြုကြသည်။ ယင်းမှာ

မဲပုံးထဲသို့ဆန္ဒမဲထည့်ချိန်တွင် ဆုံးဖြတ်ချက်ချရာ၌ ဆန္ဒမဲပေးသူများအား ပိုမိုအထောက်အကူပြုရန် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း၏ အပိုဒ် (၁၉)ကို အားပေးမြှင့်တင်ပြီး ထိန်းသိမ်းစွဲကိုင်သည့် ဗြိတိန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့အစည်း Article 19 က ဒီမိုကရေစီ အသွင်ကူးပြောင်းသည့်နိုင်ငံများတွင် ရွေးကောက်ပွဲ ရုပ်သံထုတ်လွှင့်မှုအတွက် လမ်းညွှန်ချက်များ (Guidelines for Election Broadcasting in Transitional Democracies) ကို ဖော်ဆောင်ချမှတ်ခဲ့သည်။ ဤလမ်းညွှန်ချက်များသည် ပြည့်စုံကျယ်ပြန့်ပြီး ရွေးကောက်ပွဲမဲဆွယ်မှုများအတွင်း နိုင်ငံရေးသမား ကိုယ်စားလှယ်လောင်းများအနေဖြင့် အများပြည်သူမီဒီယာကို ရရှိအသုံးပြုနိုင်ရန် လိုအပ်ချက်အား လေးနက်ထင်ရှားစေသည် - (ဇယား ၂)

### ဇယား (၂) ဒီမိုကရေစီ အသွင်ကူးပြောင်းသည့်နိုင်ငံများတွင် ရွေးကောက်ပွဲ ရုပ်သံထုတ်လွှင့်မှု

ဤအကြောင်းအရာတွင် အာဏာရအင်အားစုများအပြင် အတိုက်အခံအင်အားစု၏ အများပြည်သူမီဒီယာအသုံးချနိုင်စွမ်းမှာ အလွန်အရေးကြီးသည်။ ရုပ်တည်ထင်မြင်ချက်များအား ထုတ်ဖော်မှုအတွက် နည်းလမ်းတစ်ရပ်မရှိဘဲ နိုင်ငံတစ်ခုရင်ဆိုင်နေရသော အခြေခံကျသည့် အရေးကိစ္စများနှင့်ပတ်သက်၍အဓိပ္ပါယ်ပြည့်ဝပြီး အားမာန်ပါသော အချေအတင်ဆွေးနွေးပြောဆိုမှု မရှိနိုင်ပေ။ လူထုဆက်သွယ်ရေးမီဒီယာက အဆိုပါနည်းလမ်းကို မျက်နှာစာအများအပြားတွင် ရရှိစေသည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေငြာစာတမ်း (Universal Declaration of Human Rights) ၏ အပိုဒ် (၁၉) (အလားတူ အခြားနိုင်ငံတကာ တရားဝင်သဘောတူညီချက် သတ်မှတ်ပြဌာန်းမှုအများအပြား)တွင် အသိအမှတ်ပြု ဖော်ပြသည့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် ရွေးကောက်ပွဲဆက်နွယ်အခွင့်အရေးများ ဤနေရာတွင် ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်သည်။ အပိုဒ် (၁၉)သည် အနှောက်အယှက်မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်ကိုသာမက "နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန်မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တနည်းနည်းဖြင့်၊ လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချိခွင့်တို့ကိုလည်းအသိအမှတ်ပြုသည်။"

ရင်းမြစ်: Article 19၊ Guidelines for Election Broadcasting in Transitional Democracies, ဩဂုတ်လ၊ ၁၉၉၄ ခုနှစ်။

ဤအခြေခံစည်းမျဉ်းများက ရွေးကောက်ပွဲကာလများအတွင်း မီဒီယာသုံးစွဲမှုပမာဏ ခွဲဝေသတ်မှတ်ခြင်းအတွက် စံပုံစံများ၏ အခြေခံကို ဖွဲ့စည်းဖြစ်ပေါ်စေသည်။

### မီဒီယာ အချိန်/သုံးစွဲမှုပမာဏ ရရှိအသုံးပြုနိုင်မှု ခွဲဝေသတ်မှတ်ခြင်း

နိုင်ငံများသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလများအတွင်း နိုင်ငံရေးပါတီများ၏ မီဒီယာအချိန်နှင့် သုံးစွဲမှုပမာဏ ခွဲတမ်းအတွက် ဆုံးဖြတ်ရန် 'စံ' အမျိုးမျိုးကို ရွေးချယ်နိုင်သည်။ ဥပမာအားဖြင့် (မီဒီယာ)ရရှိအသုံးပြုနိုင်မှုကို ပါတီတစ်ခုမှတင်ပြသော/အမည်စာရင်းတင်သွင်း သောကိုယ်စားလှယ်လောင်း အရေအတွက်၊ ပါလီမန်တွင်ပါတီတစ်ခုရရှိသည့်ကိုယ်စားလှယ်နေရာတို့ အပေါ်အခြေပြု၍ ဆုံးဖြတ်နိုင်သည်။ သို့မဟုတ်

အခြား'စံ'အချို့အပေါ်အခြေပြု၍ဆုံးဖြတ်နိုင်သည်။

International IDEA ၏ နိုင်ငံရေးဘဏ္ဍာငွေ အချက်အလက်များ (Political Finance Database)က ဤအရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာ အချက်အလက်နှိုင်းယှဉ်လေ့လာမှုကို ပေးသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာအရ နိုင်ငံများ၏ ၇၀ ရာခိုင်နှုန်းသည် အချို့သောပါတီ အမျိုးအစားများကို အခမဲ့(မီဒီယာ) ရရှိအသုံးပြု နိုင်မှု သို့မဟုတ် ထောက်ပံ့ကြေးပေးကြသည်။ ဤသတ်မှတ်ချက်များမှာ အလွန်အမင်း ကွဲပြားမှု ရှိနိုင်သည် (မီဒီယာ) ရရှိအသုံးပြုနိုင်မှုအတွက် ငွေကြေးမထောက်ပံ့လျှင်ပင် ၎င်းကို တစ်စုံတစ်ခု သော နည်းဟန်ဖြင့် ထိန်းညှိပေးနိုင်ဆဲဖြစ်သည်။ ဥပမာအားဖြင့် ဩစတြေးလျတွင် ရုပ်သံဌာနများ အား ကိုယ်စားလှယ်လောင်းများကို အခမဲ့ သို့မဟုတ် ထောက်ပံ့ကြေးပေးသည့် မီဒီယာ ရရှိအသုံးပြုနိုင်မှု ပေးခွင့်မပြုပေ။ သို့သော် ပါတီ အားလုံးအတွက် ရုပ်သံထုတ်လွှင့်ရန် ထိုက်သင့် သည့် အခွင့်အလမ်းပေးရသည်။

ဘရာဇီးတွင် ပါတီများသည် အမြဲတမ်း အားဖြင့် တီဗွီနှင့်ရေဒီယို အခမဲ့ရရှိအသုံးပြုနိုင်မှု ရှိသည်။ သို့သော် ရွေးကောက်ပွဲကာလများ အတွက် အထူးသတ်မှတ်ပြဋ္ဌာန်းချက်များ နေရာ တကျရှိသည်။ ဒိန်းမတ်တွင် ပါတီများကို တီဗွီနှင့် ရေဒီယိုတွင် ရွေးကောက်ပွဲအကြိုအစီအစဉ်များ ညီတူညီမျှရရှိ အသုံးပြုခွင့်ပေးသည်။

မီဒီယာရရှိအသုံးပြုနိုင်မှု ခွဲတမ်းချမှုနှင့် ပတ်သက်လျှင် အခမဲ့(သို့) ထောက်ပံ့ကြေးပေး မီဒီယာရရှိအသုံးပြုနိုင်မှု ခွဲဝေသတ်မှတ်သည့် အတွေ့ရ အများဆုံးနည်းလမ်းက ပါတီများကို သာတူညီမျှဖြစ်သည့် အခွင့်အရေးများ ပေးခြင်း ဖြစ်သည်။ ယင်းကို နိုင်ငံများ၏ ၄၃ ရာခိုင်နှုန်းတွင် တွေ့ရသည်။ အချို့နိုင်ငံများသည် ခွဲဝေသတ်မှတ် မှု လုပ်ထုံးလုပ်နည်းအသီးသီးကို တစ်ပြိုင်နက် တည်း နေရာတကျထားရှိသည်။ ယင်းအတွက် ဥပမာတစ်ရပ်မှာ နမီးဘီးယား(Namibia)ဖြစ်ပြီး နမီးဘီးယား(Namibia)တွင် မီဒီယာရရှိအသုံးပြု နိုင်မှု ၄၀ ရာခိုင်နှုန်းကို ညီတူညီမျှ ခွဲခြမ်းထားပြီး ကျန် ၆၀ ရာခိုင်နှုန်းကို နောက်ဆုံးပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲ၌ ရရှိခဲ့သော ဆန္ဒမဲဝေစုနှင့်အညီ ခွဲတမ်းချသည်။

ကိုယ်စားလှယ်လောင်းများအတွက်(မီဒီယာ)

ဇယား ၁။ နိုင်ငံရေးပါတီများအတွက် အခမဲ့ သို့မဟုတ် ထောက်ပံ့ကြေးပေးသည့် မီဒီယာရရှိအသုံးပြုနိုင်မှု


| ဒေသ | ရှိ | မရှိ | စုစုပေါင်း | အချက်အလက်မရ |
|---|---|---|---|---|
| အာဖရိက | ၃၉ (၇၆.၅%) | ၁၀ (၁၉.၆%) | ၄၉ | ၂ |
| အမေရိကဒေသအလုံးစုံ | ၂၁ (၆၁.၈%) | ၁၃ (၃၈.၂%) | ၃၄ | ၀ |
| အာရှ | ၂၃ (၆၂.၂%) | ၁၃ (၃၅.၁%) | ၃၆ | ၁ |
| ဥရောပ | ၃၅ (၇၉.၅%) | ၉ (၂၀.၅%) | ၄၄ | ၀ |
| ပစိဖိတ်အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသ | ၁ (၇.၁%) | ၇ (၅၀.၀%) | ၈ | ၆ |

ရည်ညွှန်း - International IDEA၊ နိုင်ငံရေးဘဏ္ဍာငွေအချက်အလက်များ (Political Finance Database)

ရရှိအသုံးပြုနိုင်မှုနှင့် ပတ်သက်လျှင် ကမ္ဘာပေါ်ရှိ နိုင်ငံများအနက် တစ်ဝက်တွင် ကိုယ်စားလှယ်လောင်းများအား မီဒီယာရရှိအသုံးပြုနိုင်မှု အခမဲ့ပေးသည့် သို့မဟုတ် မီဒီယာရရှိ အသုံးပြုနိုင်မှုအတွက် ထောက်ပံ့ကြေးပေးသည်။ ကျန်တစ်ဝက်တွင် ယင်းကျင့်သုံးမှုမရှိပေ။ အရှေ့တောင်အာရှဒေသ ရှစ်နိုင်ငံတွင် ရလဒ်များမှာ ကမ္ဘာတစ်ဝန်းအတွေ့အကြုံနှင့်နှိုင်းယှဉ်လျှင် ပြက်ပြက်ထင်ထင်ကွဲလွဲမှုရှိသည်။ ဤဒေသ၌ (၈) နိုင်ငံအနက် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံမှလွဲ၍ ကျန်(၆)နိုင်ငံမှာ ပါတီများအား အခမဲ့ သို့မဟုတ် ထောက်ပံ့ကြေးပေးသည့် မီဒီယာရရှိအသုံးပြုခွင့် စီစဉ်ပေးအပ်ခြင်းမရှိပေ။ (ပုံ - ၁) ထိုင်းနိုင်ငံသည် House of Representatives လွှတ်တော်တွင် ပါတီတစ်ခုစီရရှိသော မဲဆန္ဒနယ်နေရာ အရေအတွက်နှင့်အညီ မီဒီယာဝေစုကို ခွဲတမ်းချသည်။ သို့သော် နိုင်ငံပိုင်မီဒီယာဝေစုကို မှတ်ပုံတင်ဌာန၏ စာရင်းအတိုင်း ခွဲဝေသတ်မှတ်သည်။ ယင်းကို သာတူညီမျှဖြစ်သည့် အခြေခံတစ်ခုပေါ်တွင် ခွဲတမ်းချခြင်း ဟုတ်မဟုတ် မရှင်းလင်းပေ။ ယင်းဒေသတွင် ဖိလစ်ပိုင်သည် နိုင်ငံအဆင့်ရွေးကောက်ပွဲအတွက်ကိုယ်စားလှယ်လောင်းများကို မီဒီယာရရှိအသုံး ပြုနိုင်မှုအခမဲ့ပေးသည့်တစ်ခုတည်းသောနိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၄ ခုနှစ် မေလက ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအတွက် ကျင့်ဝတ်စည်းကမ်းများ မူကြမ်းကို ထုတ်ပြန်ခဲ့သည်။ ကျင့်ဝတ်စည်းကမ်းများမူကြမ်းတွင်ပါရှိသည့် မီဒီယာရရှိအသုံးပြုနိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များက ပါတီများအနေဖြင့် အခကြေးငွေ ပေးစရာမလိုဘဲ နိုင်ငံပိုင်မီဒီယာတွင် မဲဆွယ်မှု လုပ်နိုင်သည့် လုပ်ငန်းအစီအစဉ်တစ်ရပ် ရေးဆွဲချမှတ်ရန် ကော်မရှင်အား အထူးလုပ်ပိုင်ခွင့် အာဏာပေးထားသည်။ ထို့နောက် ကျင့်ဝတ်စည်းကမ်းများက ပုဂ္ဂလိကမီဒီယာကို ရရှိအသုံးပြုလိုသော နိုင်ငံရေးပါတီများသည် ကော်မရှင်ထံမှ အရင်ဦးစွာ ခွင့်ပြုချက်ယူရမည်ဟု ဆက်လက်ပြဋ္ဌာန်းသည်။ နိုင်ငံပိုင် မီဒီယာရရှိအသုံးပြုနိုင်မှုအတွက် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းကို နိုင်ငံရေးပါတီများအတွက် သာတူညီမျှ မီဒီယာရရှိအသုံးပြုနိုင်မှု ဖြန့်ဝေပေးခြင်းဆီ ဦးတည်သော အဆင့်ခြေလှမ်းတစ်ရပ်အဖြစ် တွေ့မြင်နိုင်သော်လည်း ပုဂ္ဂလိကမီဒီယာရရှိအသုံးပြုနိုင်ရေးအတွက် ကော်မရှင်ထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်မှုကို နိုင်ငံတကာအခြေခံစည်းမျဉ်းများနှင့် ကွဲလွဲဆန့်ကျင်မှုအဖြစ် တွေ့မြင်နိုင်သည်။

ပုံ (၁) - နိုင်ငံရေးပါတီများအတွက် အခမဲ့သို့မဟုတ် ထောက်ပံ့ကြေးပေးသည့် မီဒီယာရရှိအသုံးပြုနိုင်မှုပေးအပ်သော အရှေ့တောင်အာရှနိုင်ငံများ



ဒီမိုကရေစီ အသွင်ကူးပြောင်းသည့်နိုင်ငံများနှင့် ထွန်းသစ်စဒီမိုကရေစီနိုင်ငံများအနေဖြင့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများကို မီဒီယာရရှိအသုံးပြုနိုင်မှု အနည်းငယ်သာပေးအပ်သော လုပ်ဆောင်ပုံထက် အထူးသဖြင့် နိုင်ငံပိုင်ရုပ်သံထုတ်လွှင့်မှုဌာနများ အသုံးပြုခွင့်ပေးခြင်း အပါအဝင် မီဒီယာရရှိအသုံးပြုနိုင်မှု ပိုမိုပေးအပ်သော အခြားကမ္ဘာ့နိုင်ငံများ၏ အားထုတ်လုပ်ဆောင်ချက်များကို အာရုံစိုက် ဂရုပြုသင့်သည်။ သာတူညီမျှ မီဒီယာရရှိအသုံးပြု နိုင်ခြင်းက ပြည်သူများကို ၄င်းတို့၏ ရွေးကောက်ပွဲဆုံးဖြတ်ချက်တွင် ပိုမိုကောင်းမွန်စွာ သတင်းအချက်အလက်ပေးနိုင်ရေးအတွက် မဲဆန္ဒနယ်များ၌ ပို၍ပွင့်လင်းပြီး အမျိုးမျိုးဖြစ်သော အများပြည်သူပြောဆိုဆွေးနွေးမှုတစ်ရပ် ဖြစ်ထွန်းအားကောင်းစေမည်ဖြစ်သည်။

### ထပ်မံဖတ်ရှုနိုင်သည့် စာအုပ်များ

မီဒီယာရရှိအသုံးပြုနိုင်မှုနှင့် တစ်ခြားသော မဲဆွယ်မှုရန်ပုံငွေကိစ္စရပ်များနှင့်ပတ်သတ်၍ အောက်ပါဝက်ဆိုဒ် နှင့် ပုံနှိပ်စာအုပ်များမှ အကြံဉာဏ်ရယူနိုင်ပါသည်။ ACE Knowledge Network ၏ အွန်လိုင်း စွယ်စုံကျမ်းတွင် "ပြည်သူ့မီဒီယာနှင့် ပတ်သတ်သော ပြဌာန်းချက်များ" အသေးစိပ်ကို ( http://aceproject.org/ace-en/topics/me/mea/mec04/mec04a04 ) နှင့် "ပုဂ္ဂလိက မီဒီယာနှင့် ပတ်သတ်သော ပြဌာန်းချက်များ" အသေးစိပ်ကို ( http://aceproject.org/ace-en/topics/me/mea/mec05 ) တွင်ရနိုင်ပါသည်။ ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) ၏ နိုင်ငံရေး ဘဏ္ဍာငွေ အချက်အလက်များအား ( http://www.idea.int/political-finance ) တွင်ရနိုင်ပါသည်။ International IDEA အချက်အလက်များမှ အကျဉ်းချုံးတင်ဆက်သော ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများ စာအုပ်အား International IDEA (မြန်မာ)၊ အခန်း-(၅-စီ)၊ (၅)လွှာ (ရသာကွန်ဒို)၊ အမှတ်(၄၅၈-၄၆၀)၊ မဟာဗန္ဓုလလမ်းနှင့် (၃၁)လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်၍ လည်းကောင်း၊ info-myanmar@idea.int သို့ အီးမေးလ်ပို့၍လည်း တောင်းယူနိုင်ပါသည်။ (http://www.idea.int/publications/political-finance-regulations/index.cfm) တွင်လည်း ဒေါင်းလော့ရယူနိုင်ပါသည်။